ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဘောလခဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လွယ်ဝိုင်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းစာအုပ်

(၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်)

မာတိကာ

၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ လွယ်ဝိုင်းကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံ အချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်
ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်
သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)


၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်(ပုံစံ-၃)


၁၁။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၁)

၁၂။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။ ဘောလခဲမြို့နယ်မြေပုံ



၂။ လွယ်ဝိုင်းကျေးရွာတည်နေရာပြမြေပုံ



၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

စဉ်	ကျေးရွာအမည်	အိမ်ထောင်စုအရေအတွက်	လူဦးရေစာရင်း		
			ကျား	မ	ပေါင်း
၁။	လွယ်ဝိုင်းကျေးရွာ	၆၄	၁၄၆	၁၂၇	၂၇၃
၂။	နမ့်မလင်းကျေးရွာ	၂၄	၅၆	၄၈	၁၀၄
၃။	ဝမ်ဗလကျေးရွာ	၇၃	၁၅၁	၁၄၂	၂၉၇
	စုစုပေါင်း	၁၆၁	၃၅၇	၃၁၇	၆၇၄

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

လွယ်ဝိုင်းကျေးရွာသည် ဘောလခဲမြို့နယ်၊ ရွာသစ်မြို့အဝင်၊ လွယ်ဝိုင်းကျေးရွာအုပ်စုတွင် တည်ရှိပြီး အိမ်ခြေပေါင်း(၆၄)အိမ်ရှိပါသည်။လူဦးရေအားဖြင့် အမျိုးသား(၁၄၆)ဦး၊ အမျိုးသမီး(၁၂၇) ဦး၊ စုစုပေါင်း(၂၇၃)ဦးရှိပါသည်။ လွယ်ဝိုင်းကျေးရွာသည် ပြည်တွင်းစစ်နှင့် နိုင်ငံရေးအခြေအနေ ကြောင့် အစိုးရမှ ၁၉၉၆ ခုနှစ်မှ စတင်ကာ လွယ်ဝိုင်းရွာဟောင်းမှ လက်ရှိကျေးရွာသို့ ပြောင်းရွှေ့ နေထိုင်စေခဲ့ပါသည်။ ၎င်းကျေးရွာတွင် ကယားလူမျိုးများ အများစုနေထိုင်ပြီး ကယောလူမျိုး၊ ကယန်းလူမျိုးနှင့် ရှမ်းလူမျိုးအနည်းငယ် စုပေါင်းကာ နေထိုင်ကြပါသည်။ အများစုမှ ခရစ်ယာန် ဘာသာဝင်များဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်သူများလည်းရှိပါသည်။

လွယ်ဝိုင်းကျေးရွာသူ/သားများသည် ၁၉၉၆ ခုနှစ်တွင် ပြည်တွင်းစစ်ကြောင့်၎င်းတို့ ကျေးရွာ ဟောင်းမှ ရွာသစ်မြို့အဝင်၌ ပြောင်းရွှေ့နေထိုင်လာသည်မှာ ကြာမြင့်ပြီးဖြစ်သော်လည်း ကျေးရွာ ပိုင်ဧရိယာနည်းခြင်း၊ ကျေးရွာလူထုများ မြေနေရာပိုင်ဆိုင်မှု အနည်းငယ်သာ ရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးအတွက် တောင်ယာ/လယ်ယာ မြေနေရာအခက်အခဲရှိပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် တောင်ယာနှင့် လယ်ယာစိုက်ပျိုးခြင်းများဖြစ်ပါ သည်။ အခြားဝင်ငွေအဖြစ် နှမ်းနှင့် ပိတ်ချင်းကို အနည်းငယ်စိုက်ပျိုးသည်။ တစ်ရွာလုံးနီးပါး တောင် ယာစိုက်ပျိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ခြင်းဖြင့် ရရှိသော သီးနှံနှင့် စပါးသည် မိသားစု စားရေးသောက်ရေးအတွက် တစ်နှစ်ပတ်လုံး ဖူလုံမှုရှိပါသည်။ ၎င်းကျေးရွာတွင် စာသင်ကျောင်းမရှိ ပါ။ ထို့ကြောင့် ရွာသစ်မြို့ရှိ အထက်တန်းကျောင်းသို့ ကလေးများပညာသင်ယူ ဆည်းပူးလေ့လာကြ ပါသည်။ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ အနည်းငယ်ရှိသည်။


၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၁။	လူမှုရေးအရင်းအမြစ်ပြမြေပုံ	၂၃.၁၂.၂၀၂၀	အမျိုးသမီး၊အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၄၆	၁၂၇	၂၇၃	ကျေးရွာအတွင်းရှိ အိမ်ခြေများ၊ လက်ရှိသဘာဝအရင်းအမြစ် များအား အသုံးချမှု အခြေအနေများနှင့်သဘာဝဘေးအန္တရာယ်များအား ဖော်ထုတ်ခြင်း။
၂။	ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း	၂၃.၁၂.၂၀၂၀	အမျိုးသမီး၊အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၄၆	၁၂၇	၂၇၃	ကျေးရွာအတွင်းရှိ မိသားစုများ၏ပိုင်ဆိုင်မှု စံနှုန်းများ သတ်မှတ်ကာ စံနှုန်းအပေါ် အခြေခံပြီး လူနေမှု အဆင့် အတန်းများ သတ်မှတ်ခြင်း။
၃။	ကျား-မရေးရာကဏ္ဍ # ၁ ပိုင်ဆိုင်မှုသုံးသပ်ခြင်း	၂၃.၁၂.၂၀၂၀	အမျိုးသမီး၊အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၄၆	၁၂၇	၂၇၃	ကျေးရွာ နယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများနှင့် အမျိုးသားများ၏ သုံးစွဲမှု နှင့် ထိန်းချုပ်မှုများအားဖော်ထုတ်ခြင်း
၄။	ကျား-မရေးရာကဏ္ဍ # ၂ (ပင့်ကူအိမ်)	၂၃.၁၂.၂၀၂၀	အမျိုးသမီး၊အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၄၆	၁၂၇	၂၇၃	အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ပြခြင်း။
၅။	ရာသီခွင်ပြပြကွဒိန်	၂၃.၁၂.၂၀၂၀	အမျိုးသမီး၊အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၄၆	၁၂၇	၂၇၃	ကျေးရွာအတွင်းရှိ မိသားစုများ ၏ ရာသီအလိုက်ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလမ်းသဘင်များ၊ ရိုးရာ ဓလေ့များ နှင့် အားလပ်မည့် ရာသီများ အား ဖော်ထုတ်ခြင်း။
၆။	အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဗင်းပုံစံ	၂၃.၁၂.၂၀၂၀	အမျိုးသမီး၊အမျိုးသား၊ စေတနာ့ဝန်ထမ်း	၁၄၆	၁၂၇	၂၇၃	ကျေးရွာအတွင်း နှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့်အကျိုးဆက်များအားဖော်ထုတ်ခြင်း။

ဖ။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်

သုံးသပ်ချက်များ

(က) လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ




လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ရခြင်းရည်ရွယ်ချက်မှာ ကျေးရွာအတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကျေးရွာပိုင် သဘာဝအရင်းအမြစ်များအား သုံးစွဲနိုင်မှု အခြေအနေများအား သိရှိရန်ရည်ရွယ်ပါသည်။ လွယ်ဝိုင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် တောင်ယာနှင့်လယ်ယာစိုက်ပျိုးခြင်းလုပ်ကိုင်ကြပြီး မိသားစုဝင်ငွေ တစ်ပိုင်တနိုင်အတွက် ကြက်၊ ဝက်၊ ကျွဲ၊ နွား များလည်းမွေးမြူကြသည်။ သစ်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိသည်။

လွယ်ဝိုင်းကျေးရွာသူ/သားများသည် ၁၉၉၆ ခုနှစ်တွင် ပြည်တွင်းစစ်ကြောင့် ၎င်းတို့ ကျေးရွာဟောင်းမှ ရွာသစ်မြို့အဝင်၌ ပြောင်းရွှေ့နေထိုင်လာသည်မှာကြာမြင့်ပြီးဖြစ်သော်လည်း ကျေးရွာပိုင် ဧရိယာနည်းခြင်း၊ ကျေးရွာလူထုများမြေနေရာပိုင်ဆိုင်မှု အနည်းငယ်သာရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးအတွက် တောင်ယာ/လယ်ယာ မြေနေရာအခက်အခဲရှိပါသည်။ ကျေးရွာအရှေ့မြောက်လက်တွင် သဘာဝအရင်းအမြစ်အနေဖြင့် သဘာဝစိမ့်စမ်းရေနှင့်သစ်တောများရှိပါသည်။ရေထွက်မှ ထွက်သော ရေချောင်းငယ်ကို အဓိကထားသုံးစွဲကြသည်။ ဆောက်လုပ်ရေးအတွက် သဲကို ၎င်းချောင်းငယ်မှ ထုတ်ယူသုံးစွဲအသုံးပြုကြသည်။ တောင်ယာခွဲထွင်မှု၊ သစ်နှင့်ဝါးများ လိုအပ်မှုတို့ကြောင့် သစ်တောများ တဖြည်းဖြည်းလျော့နည်းလာသည်။

လမ်းပန်းဆက်သွယ်ရေးမှာအတော်အသင့်ကောင်းသည်။ရွာတွင်းလမ်းကြားမှာ မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် အနည်းငယ်ချော်နေပါသည်။ အသုံးများသော အဆောက်အဦးများအနေဖြင့် စာကြည့်တိုက်၊ ရေလှောင်ကန်၊ ဘာသာရေးနှင့်သက်ဆိုင်သော ဘုရားကျောင်းစသော အဆောက်အဦးများရှိသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနရှိသည်။ အားကစားကွင်းမှာ နမ့်မလင်းကျေးရွာနှင့်အတူ သုံးစွဲသည်။ အစိုးရဌာနနှင့်သော်လည်းကောင်း၊ အခြား NGOs, CSOs များသော်လည်းကောင်း ချိတ်ဆက်မှုများရှိပြီး ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားကဏ္ဍများကိုလည်း လုပ်ဆောင်နေသည်ကိုတွေ့ရသည်။

သုံးသပ်ချက်အရ လွယ်ဝိုင်ကျေးရွာသည် ကျေးရွာပိုင်မြေဧရိယာ ကျဉ်းမြောင်းသည့်အတွက် စိုက်ပျိုးမြေ ရှားပါးသည့် အခက်အခဲ၊ ကျေးရွာတွင်းလမ်း မကောင်းသည့်အခက်အခဲ၊ ကျေးရွာ ပတ်ဝန်းကျင်ရှိ သစ်တောများပြုန်းတီးမှုများလာခြင်း စသည့်အခက်အခဲများရှိကြောင်းတွေ့ရှိရပါသည်။

(ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ဥစ္စာဓနကြွယ်ဝမှု သုံးသပ်ရခြင်းရည်ရွယ်ချက်မှာ ကျေးရွာ၏ လူမှုစီးပွားရေးအခြေအနေများနှင့် လူနေမှုအဆင့်အတန်းများကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ လွယ်ဝိုင်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုစံသတ်မှတ်ရာတွင် အဆင်ပြေသောအုပ်စု၊ အသင့်အတင့်အဆင်ပြေသောအုပ်စုနှင့် အဆင်မပြေသောအုပ်စုဟူ၍ အဆင့်(၃)ဆင့် သတ်မှတ်ကြသည်။ ကွဲ (၁၀)ကောင်၊ ဈေးဆိုင်၊ ထမင်းဆိုင်၊ လယ်(၅)ဧက၊ လယ်ထွန်စက်၊ဆိုင်ကယ်၊ မြက်ရိတ်စက်၊ ဝက်၊ ကား၊ ကြက်၊ တိုက်အိမ် စသည်တို့ကိုပိုင်ဆိုင်သောအုပ်စုသည် အဆင်ပြေအုပ်စုဖြစ်သည်။ ကျေးရွာတွင်းနေထိုင်သော အိမ်ထောင်စု၏ ၄.၇% သည် ပုံမှန်ဝင်ငွေရှိပြီး နှစ်စဉ်မိသားစု စားဝတ်နေရေးအပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး

လိုအပ်ချက်များအားလုံးအတွက် လုံလောက်မှုရှိပါသည်။ နွားနှင့်ကျွဲ၊ ဆိုင်ကယ်၊ တီဗီ၊ ဝက်၊ ကြက်၊ ယာခင်း၊ လယ်ယာ၊ ပျဉ်ထောင်အိမ်၊ အကြွေးအချို့ရှိ၊ ဖုန်း စသည်တို့သည် အသင့်တင့် အဆင်ပြေအုပ်စုဖြစ်သည်။ အိမ်ထောင်စုမှာ (၃၆)အိမ်ထောင်စုဖြစ်ကာ ရာခိုင်နှုန်းမှာ ၅၆.၃% သည် ပုံမှန်ဝင်ငွေအနည်းငယ်ရှိပြီး မိသားစုစားဝတ်နေရေးအတွက် ပြေလည်မှုရှိသော အုပ်စုဖြစ်ပါသည်။ ကျန်သည့်အိမ်ထောင်စုမှာ (၂၅) အိမ်ထောင်စု၊ ၅၃.၆% သည် နေ့စဉ်နှင့် နှစ်စဉ်ဝင်ငွေအတွက် ရုန်းကန်ရသည့်အပြင် ပုံမှန်ဝင်ငွေမရှိခြင်းကြောင့်စားဝတ်နေရေးအတွက် ပိုမိုကြိုးစားရုန်းကန်ရသော အုပ်စုများဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းများရှိသည်။ ပညာရေးအားနည်းခြင်းတို့ကြောင့် အဆင်မပြေသာမိသားစုများရှိပြီး ထိုကဲ့သို့ စားဝတ်နေရေး အဆင်မပြေသောကြောင့် ပညာသင်ကြားသူဦးရေနည်းပါးရသည်။ သက်/မွေးလုပ်ငန်းလုပ်ကိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးကာ အလုပ်အကိုင်ဖန်တီးပေးခြင်းနှင့် အိမ်တွင်းမှု နှင့်လက်မှုပညာစသော အတတ်ပညာများတတ်မြောက်ပါက ကျေးရွာတွင်း အဆင်မပြေမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။


(ဂ) ကျား-မရေးရာ ကဏ္ဍ # ၁(ပိုင်ဆိုင်မှုသုံးသပ်ခြင်း)



လွယ်ပိုင်းကျေးရွာ၏ အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယားနှင့် ထိန်းချုပ်မှုပြဇယားကို ကျား-မ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ဆွေးနွေးသွားရာ လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်အတွက် လွယ်ပိုင်းကျေးရွာရှိ အမျိုးသားများသည် ကျွဲ၊ နွား၊ ထွန်စက်၊ ကားများအား အမျိုးသားများသာ သုံးစွဲကြသည်။

စျေးဆိုင်များ၊ အပ်ချုပ်စက်များကို အမျိုးသမီးများသာ သုံးစွဲကြသည်။ အခြေခံအဆောက်အဦးများ ဖြစ်သော မူကြိုကျောင်းနှင့် ဆေးခန်း၊ သဘာဝအရင်းအမြစ်များဖြစ်သော သစ်တောများနှင့် တောင်ယာ၊ လယ်ယာများ၊ အခြေခံအသုံးအဆောင်များဖြစ်သော ဆိုင်ကယ်၊ တီဗွီ၊ အောက်စက်၊ ဖုန်းစသည်များကို ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများအားလုံး အသုံးပြုကြသည်ကိုတွေ့ရှိရပါသည်။ လွယ်ဝိုင်းကျေးရွာသည် အမျိုးသားနှင့်အမျိုသမီးတို့သည် မိမိတို့သုံးစွဲ၊ ထိန်းချုပ်သည့်အရာများတွင် တန်းတူအခွင့်အရေးရှိကြသည်ကို သုံးသပ်ရပါသည်။

(ဃ) ကျား-မ အခန်းကဏ္ဍ # (ပင့်ကူအိမ်ပုံစံ)




လွယ်ဝိုင်းကျေးရွာတွင် အမျိုးသမီးအများစုသည် အိမ်မှုကိစ္စများ၌သာ အချိန်ပေးနေရသဖြင့် ရပ်ရွာ၏ သာရေး၊နာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင်မှုအားနည်းနေသော်လည်း အထောက်အပံ့ပေးမှုများတွင် အဓိက ကူညီပေးနေကြောင်းသိရသည်။ အမျိုးသမီးများသည် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့တွင်လက်လှမ်းမီမှုရှိသော်လည်း ဦးစီးဦးဆောင်မှု၊ အရေးကြီးသည့် ကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသမီးများသည် အစည်းအဝေးတိုင်းတွင် ပါဝင်ဆွေးနွေးမှုအားနည်းခြင်း၊ ပြောရဲဆိုရဲမရှိခြင်းကြောင့် အမျိုးသားများမှာ ပိုမိုအခွင့်အရေးရှိကြသည်ကို တွေ့ရပါသည်။ ကျန်းမာရေးလက်လှမ်းမီမှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ရရှိနေခြင်းမှာ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများတွင် တက်ရောက်မှုအများဆုံး ဖြစ်နေခြင်းကြောင့်ဖြစ်ပါသည်။ အကြောင်းမှာ အမျိုးသားများသည် ဝင်ငွေရသော အလုပ်များကို သွားရောက်လုပ်ကိုင်နေကြရ၍ အသိပညာပေး ဟောပြောပွဲများကို မတက်ရောက်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ လွယ်ဝိုင်းကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့်ရရှိမှုမျာ တန်းတူဖြစ်ပါသည်။

အမျိုးသားနှင့်အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမရှိခဲ့ပါ။ အမျိုးသားက ဦးဆောင်မှုစနေလျှင် အမျိုးသမီးများကလည်း ထောက်ပံ့ကူညီပေးကြပါသည်။

သုံးသပ်ချက်အရ လွယ်ဝိုင်းကျေးရွာရှိ အမျိုးသမီးများအား ခေါင်းဆောင်မှုသင်တန်းများ ရရှိနိုင်လျှင် ယခုလက်ရှိအချိန်ထက်အမျိုးသားများနှင့်တန်းတူ ပို၍ လုပ်ကိုင်ဆောင်ရွက်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။


(c) ရာသီခွင်ပြဇယား



လွယ်ဝိုင်းကျေးရွာသည် ဧွန်လမှ နိုဝင်ဘာလအထိမိုးများရွာသွန်းပြီး ဇူလိုင်လ၊ သြဂုတ်လ နှင့် စက်တင်ဘာလများတွင် မိုးများတတ်သည်။ လွယ်ဝိုင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာနှင့်လယ်ယာလုပ်ငန်းဖြစ်သည်။ မွေးမြူရေးနှင့် စျေးဆိုင်ရောင်းခြင်းလည်း အနည်းငယ်လုပ်ကိုင်ကြသည်။ တောင်ယာလုပ်ကိုင်ခြင်းမှ ရသည့်ဝင်ငွေမှာ မိသားစုတစ်စုအတွက် တစ်နှစ်ပတ်လုံးစာ ဖူလုံမှုမရှိချေ။ တောင်ယာလုပ်ငန်းအားချိန်များတွင် ကျပန်းအလုပ်ဖြင့်သာ မိသားစုဝမ်းရေးအတွက် ဖြေရှင်းရသည်။ နှစ်စဉ်နှစ်တိုင်း ကျေးရွာဓလေ့အရ ကျင်းပလေ့ရှိသော ပွဲတော်များမှာ ဇန်နဝါရီလ၌ ကရင်နှစ်သစ်ကူးပွဲတော်၊ ဇူလိုင်လ၌ မိခင်ဖခင်ပွဲတော်၊ စက်တင်ဘာလ၌ ဒီးကူပွဲ၊ အောက်တိုဘာလ၌ သီတင်းကျွတ်ပွဲတော်၊ နိုဝင်ဘာလ၌ သေသူအပေါင်းဆုတောင်းခြင်းပြုလုပ်သော သချိုင်းပွဲ၊ ဒီဇင်ဘာလ၌ ခရစ္စမတ်ပွဲတော် စသည့်ဘာသာရေးပွဲလမ်းများကျင်းပကြပါသည်။

ရာသီခွင်ပြ သုံးသပ်ချက်အရ လွယ်ဝိုင်းကျေးရွာရှိ အမျိုးသမီးများအတွက် ဝင်ငွေရရှိရန် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့် အခက်အခဲရှိခြင်း၊ သဘာဝဘေးအန္တရာယ် မီးဘေး ကာကွယ်ရေးအကြောင်းနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများရရှိရန် လိုအပ်လျက်ရှိ ကြောင်း တွေ့ရှိရပါသည်။


(စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်



လွယ်ဝိုင်းကျေးရွာတွင် ကျေးရွာ၏ဖွံ့ဖြိုးရေး၊ သာရေး/နာရေးစသော ရပ်ရေးရွာရေးကိစ္စရပ် များအတွက် ကျေးရွာလူထုများမှ ဖွဲ့စည်းထားသော အဖွဲ့များနှင့် ကျေးရွာပြင်ပမှ လာရောက်လုပ် ဆောင်သောအဖွဲ့ပေါင်း(၁၁)ဖွဲ့ ရှိသည်။ ကျေးရွာတွင်းတွင်ရှိသော အဖွဲ့များမှာ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အကျိုးတော်ဆောင်အဖွဲ့၊ မူကြိုကော်မတီအဖွဲ့၊ ကျန်းမာရေးကော်မတီ၊ ရေပေးဝေ/ပြုပြင်ရေး အဖွဲ့ဖြစ်ပြီး ၎င်းအဖွဲ့များမှ ရပ်ရေးရွာရေးအတွက် အဖွဲ့များအချင်းချင်း ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြပါသည်။


၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်မှ စတင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့ သည် လွယ်ဝိုင်းကျေးရွာရှိ ကျေးရွာလူထုနှင့် ပူးပေါင်းကာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပထမနှစ်တွင် ကျေးရွာတွင်းရှိမူကြိုကျောင်းမျက်နှာကြက်တပ်ဆင်ခြင်းနှင့် လူငယ်ရိုပ်သာ(၂)ခန်းတွဲ အိမ်သာတည်ဆောက်ခြင်း၊ ကျေးရွာတွင်းမြေသားလမ်းဖော်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ပါ သည်။

(ဆ) အခက်အခဲများနှင့် ပြဿနာများ




လွယ်ဝိုင်းကျေးရွာ၏ အခက်အခဲပြဿနာများမှာ ကျန်းမာရေးဆရာမ အချိန်ပြည့်မရှိသောကြောင့် ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ခုခု ဖြစ်သည့်အခါ လက်လှမ်းမီမှု နှောင့်နှေးခြင်း၊ စိုက်ပျိုးမြေနေရာရှားပါးမှုနှင့် စိုက်ပျိုးရေးနည်းပညာသစ်များမရှိခြင်းကြောင့် ဝင်ငွေနည်းပါးပြီး စားဝတ်နေရေးခက်ခဲကြောင်းတင်ပြထားသည်။ လမ်းမီးမရှိသောကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များအတွက် ညအချိန်တွင် သွားလာရခက်ခဲခြင်း၊ ရွာတွင်းလမ်းနှင့် ချောင်းကူးတံတားမရှိသည့်အတွက် မိုးရာသီချိန်တွင် ရေလျှံမှုများဖြစ်သောကြောင့် လမ်းမပေါ်ရကျသည့်အခါ လမ်းများပျက်စီးခြင်း၊ ရွာတွင်စာသင်ကျောင်းမရှိ၍ မူလတန်းကလေးငယ်များအတွက် သွားလာရ ဝေးကွာသည့် အခက်အခဲဖြစ်စေခြင်း၊လယ်စိုက်ပျိုးရန်ရေမလုံလောက်ခြင်း၊ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာများ မတတ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး မိသားစု ဝင်ငွေနည်းခြင်းစသည့် အခက်အခဲများကြုံတွေ့နေရပါသည်။

(၉) မျှော်မှန်းချက်



လွယ်ဝိုင်းကျေးရွာသည် ကလေးများအတွက် စာသင်ကျောင်းရရှိရန်၊ ခန်းမဆောင်ခြံစည်းရိုးရှိခြင်းကြောင့် ရေရှည်တည်တံ့ပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအဆင်ပြေစေရန်၊ ရွာတွင်းလမ်းများသွားလာရအဆင်ပြေရန်၊ ကျန်းမာရေးလက်လှမ်းမီမှုရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအချိန်ပြည့်ရရှိစေရန်၊ ရွာတွင်းတံတားပြုပြင်ပေးရန်၊ ညအချိန်တွင်သွားလာရအဆင်ပြေစေရန် လမ်းမီးများရရှိလာစေရန်၊ စိုက်ပျိုးရေးနည်းပညာနှင့် စက်ယန္တရားများရရှိခြင်း၊ ဒေသထွက်ကုန်စျေးနှုန်းမြင့်တက်လာပြီးစီးပွားရေး အဆင်ပြေလာစေရန်၊ အားကစားကွင်းရှိလာစေရန်၊ မိသားစုဝင်ငွေပိုမိုရရှိရန် အသက်မွေးဝမ်းကျောင်း အတတ်ပညာရရှိရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရန် မျှော်မှန်းထားကြသည်။ လွယ်ဝိုင်းကျေးရွာသည် နောင်(၅)နှစ်တွင် ပြောင်းလဲဖွံ့ဖြိုးသော ကျေးရွာတစ်ရွာဖြစ်လာရန် မျှော်မှန်းထားပါသည်။ ကျေးရွာရှိ ကော်မတီများနှင့် ကျေးရွာလူထုတို့၏ စိတ်ဓါတ်များဖွံ့ဖြိုးမှ သာလျှင် ကျေးလက်ဒေသဖွံ့ဖြိုးလာခြင်းမှစပြီး ပြည်နယ်၊တိုင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက် အပံ့ဖြစ်မည်ဖြစ်ပါသည်။

(စျ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း



လွယ်ဝိုင်းကျေးရွာလူထုအစည်းအဝေးပြုလုပ်ပြီး မိမိတို့ရပ်ရွာအတွင်း အခက်အခဲများအား ကျော်လွှားကာ မိမိတို့၏ မျှော်မှန်းချက်များ ပြည့်ဝလာရေးအတွက် လိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများအား မဲပေးစနစ်ဖြင့် ဦးစားပေးရွေးချယ်ခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်းများမှာ ဦးစားပေး(၁)မူကြိုကျောင်းမျက်နှာကြက်တပ်ဆင်ခြင်းနှင့် လူငယ် ရိပ်သာ(၂)ခန်းတွဲအိမ်သာတည်ဆောက်ခြင်း၊ ဦးစားပေး(၂)ကျေးရွာတွင်းမြေသားလမ်းဖော်ခြင်း၊ ဦးစားပေး(၃)မူကြိုကျောင်း ခြံစည်းရိုးကာရံခြင်းနှင့်လူငယ်ရိပ်သာခြံစည်းရိုးကာရံခြင်း ဦးစားပေး(၄)ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်းနှင့် ဦးစားပေး(၅)လယ်ယာကုန်ထုတ်လမ်းလုပ်ငန်းများအားရွေးချယ် သတ်မှတ်ခဲ့ကြပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံ






ကော်မတီများစာရင်း

စဉ်	အမည်	ရာထူး
၁။	ဦးတော်ရယ်(၁)	ဥက္ကဋ္ဌ
၂။	ဦးတော်ရယ်(၂)	အတွင်းရေးမှူး
၃။	ဦးပိုးရယ်	ဘဏ္ဍာရေးမှူး
၄။	ဒေါ်မီမယ်	စာရင်းကိုင်
၅။	ဦးဖရေရယ်	အဖွဲ့ဝင်(ဝယ်ယူရေး)
၆။	ဦးဘဲရယ်	အဖွဲ့ဝင်(ဝယ်ယူရေး)
၇။	ဦးဘာလယ်တီးနို	အဖွဲ့ဝင်(ဘဏ်ငွေထုတ်)
၈။	ဒေါ်ဦးမယ်	အဖွဲ့ဝင်(မှတ်တမ်းပြုစုသူ)
၉။	ဒေါ်ဘဲမယ်	အဖွဲ့ဝင်(မှတ်တမ်းပြုစုသူ)

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)



ပုံစံ ၈ - ဂ စာရွက်စာတမ်းစစ်ဆေးရေးစာရင်းများ (Form PC 1)

စာရွက်စာတမ်းများ အမည်	စာရွက်စာတမ်းအောင်၏ လိုအပ်ပါသော	လက်ခံရရှိထားသော


ကယားတိုင်းဒေသကြီး	ဒေသခံ ပြိုးနယ်	ကျေးရွာအုပ်စု ကွင်းစိုင်	အကြောင် ကွင်းလို ဒီ.

ကဒ ကွင်းစရ


ကွင်းစု	အိပ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိပ်ထောင်စုအရေအတွက်
ကွင်းစု (ခ) ဒေသခံ	52	ဘာသာ(ခ) ဗုဒ္ဓဝါဒ	50
ကွင်းစု (ဂ)		ဘာသာ(ဂ) ခရစ်	9
ကွင်းစု (ဃ)		ဘာသာ(ဃ)	
ကွင်းစုခရာ	12	ဘာသာခရာ ဗုဒ္ဓဝါဒ + ခရစ်	5
အခြား			
	အရေအတွက်		
ဘာသံဖွဲ့ဘာသာများ	4		
ဘာသံမတူသူဦးရေ (ဒီကွင်းနှင့် ဝင်ရောက်)	5		
အခြားအကျင့်			

	အမျိုးသား(အရေအတွက်)	အမျိုးသမီး(အရေအတွက်)	စုစုပေါင်းအရေအတွက်
ကွင်းစု	146	127	273
ကွင်းစု (ခ) ဒေသခံ	124	110	234
ကွင်းစု (ဂ)			
ကွင်းစု (ဃ)			
အခြား	22	17	39
[illegible]	59	2	61

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)



၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)



ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဆင့်(၃) ကျေးရွာလူမှုစုဖွဲ့များမှကိုယ်စားလှယ်များအဖြစ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အမြောက်အများတို့ ကော်မတီအဆင့် ကျေးရွာဖွံ့ဖြိုးရေးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်အောင် ဖြည့်သွင်းရမည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ/ဝန်ထမ်း အမည် ဒေါ်ဝေဝေကိုင်

ရက်စွဲ 28.7.2017

စကားနှုန်းအား အမှတ်ခြစ်ပေး (√) ပြု စကားနှုန်း(၁)
□ စကားနှုန်း(၂) □ စကားနှုန်း(၃) □ စကားနှုန်း(၄)

ပြည်နယ်/တိုင်း	ကယား	လားပဒံခရိုင်	ကျေးရွာအုပ်စု	ကျယ်ဝိုင်	ကျေးရွာ	ကျယ်ဝိုင်

တား အဆက်အစပ်အတားအဆီးများအား ထွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဆက်အစပ်အတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း၊ (အမျိုးသား/သမီး အနည်းဆုံးအကောင်အစဉ် ၅ ခုစီဖော်ပြပါ)

အမျိုးသား အခွဲမှ တင်ပြသောအဆက်အစပ်အတားအဆီးများ		အမျိုးသမီး အခွဲမှတင်ပြသောအဆက်အစပ်အတားအဆီးများ	
၁	ကျောင်းဆောင်များ၊ ပို့လောက်မှုမကွိုင်ခြင်း	၁	ဖိုက်ပို့၊ ဝန်ဖြစ်မှုရောက်ခြင်း
၂	ဆေးဝါးများ၊ ဝန်ဆောင်မှုများ၊ ပြည့်ဝသို့ဝန်သော ကျေးလက်နေဆေးပေးခန်း မရှိခြင်း	၂	မသန်စွမ်းဆောင်ရွက်ရေးအဖွဲ့ ဝန်ဖြစ်ခြင်း
၃	သောက်သုံးရေမလုံလောက်ခြင်း	၃	အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း
၄	ရွာထွင်းဆီ၊ ဓလေ့ထုံးစံသော ရင်ကြွေးလမ်းပန်း အတက်သွယ်ရေးခက်ခဲခြင်း	၄	ကိုယ်ပိုင်ငွေအတိုးရေးမှုဝန်းမှ ရင်ကြွေးပေးသော ပမာဏ
၅	လမ်းဟောက်ပျော်ရွှင်ရေးအဖွဲ့ အတွင်း ဆက်သွယ်ရေးမိုးလုံလောက်ခြင်း	၅	ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်ဝသို့ဝသော ကျေးလက်နေဆေးပေးခန်း မရှိခြင်း
၆	ဖိုးတံမြို့ရေးနည်းပညာဗဟိုသို့ ထင်ရှားခြင်း	၆	ကျောင်းဆောင်များ လုံလောက်မှုမရှိခြင်း
၇	ကျေးရွာဆင်းမရှိခြင်း	၇	သောက်သုံးရေမလုံလောက်ခြင်း
၈	လျှပ်စစ်မီးမရရှိခြင်း (လမ်းမီး)	၈	ကျေးရွာဆင်းမရှိခြင်း
		၉	လျှပ်စစ်မီးမရရှိခြင်း (လမ်းမီး)

အား ဖျော်ဖြေခြင်း - ရောင်းအားမည်၊ ၅ ခုစီ အတွင်း ကျေးရွာဖွံ့ဖြိုးရေး ဖျော်ဖြေရေးလှုပ်ရှားမှုကိစ္စများအား တင်ပြပါ။

အမျိုးသားအခွဲမှ တင်ပြသောဖျော်ဖြေရေးကိစ္စများ		အမျိုးသမီးအခွဲမှ တင်ပြသောဖျော်ဖြေရေးကိစ္စများ	
၁	ကျောင်းဆောင်များ ဆောက်လုပ်ခြင်းကို မမှီခိုခြင်း	၁	ဖိုက်ပို့၊ ဝန်ဖြစ်မှုများ လုံလောက်စွာ ရရှိခြင်း
၂	လျှပ်စစ်မီး (လမ်းမီး) ရရှိခြင်း	၂	ကျေးရွာဆင်းလမ်းကွင်း တည်ဆောက်ပေးခြင်း
၃	ကျေးရွာဆုံးဖြတ်ရေးအဖွဲ့ ဝင်များ ပိုမိုကျွမ်းကျင်ခြင်း	၃	ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်
၄	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း	၄	လျှပ်စစ်မီး (လမ်းမီး) ရရှိရန်
၅	ကျေးရွာလူထုတွေ့ဆုံပွဲများ ပိုမိုကျင်းပခြင်း	၅	ကျေးရွာလူထုတွေ့ဆုံပွဲ၊ ဆေးရုံ၊ ကျေးရွာဆင် ဆေးခန်း ပေးရန်
၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဝင်များ ပိုမိုကျွမ်းကျင်ခြင်း	၆	အလုပ်အကိုင်အခွင့်အလမ်း ပေါများရန်
၇	အသက်မွေးဝမ်းကြောင်း သင်တန်းများ ပိုမိုပို့ချခြင်း	၇	အသက်မွေးဝမ်းကြောင်း သင်တန်းများ ပို့ချရန်
၈	ဝန်ဆောင်မှုနှင့်ဆိုင်သော ဆေးဝါးများ ရရှိလွယ်ကူသော ကျေးလက်ဆေးပေးခန်း ပိုမိုရရှိရန်	၈	ဝန်ဆောင်မှုနှင့်ဆိုင်သော ဆေးဝါးများ ရရှိလွယ်ကူသော ကျေးလက်ဆေးပေးခန်း ပိုမိုရရှိရန်
၉	သောက်သုံးရေလုံလောက်စွာရရှိခြင်း	၉	သောက်သုံးရေလုံလောက်စွာရရှိခြင်း
၁၀	ကျေးရွာဆင်းမရှိခြင်း		

ဇ။ လူထုစီမံကိန်းဆီ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး မြို့ပြုပြုတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး မြို့ပြုပြုတိုးတက်မှု လုပ်ငန်းစဉ်များ	အထိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	စနစ်မှန်ကုန်ကျ စရိတ်	အကြမ်းဖတ်အကြိုဝင်ငွေ စနစ်မှန်းခြေ အစရှေ့ အတွက်
၁	ရေပေါ်ကစ်ဒိုင် တိုင် ချဲ့ သွယ်တန်း ခြင်း	အမျိုး သား + အမျိုး သမီး		28၊
၂	ကျေးရွာလမ်း ခြုံပြင် ခြင်း	အမျိုး သား		28၊
၃	ကျောင်း ဆောင် သစ် တည်ဆောက်	အမျိုး သား + အမျိုး သမီး		28၊
၄	ခရီး ပ ဆောင်ဆောက်လုပ်ခြင်း	"		28၊
၅	လျှပ်စစ် မီး ရ ဒိုရှင်(လမ်း မီး)	"		28၊
၆	ရေ ဝန်ဆောင် တွေ့ဖော် ဖွမ်း ဖျံခြင်း	အမျိုး သမီး		28၊
၇	အောလုံး ကွင်း တည်ဆောက်ခြင်း	"		28၊

ဃ။ လူထုစီမံကိန်းဆီ လာမည့် (၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး မြို့ပြုပြုတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး မြို့ပြုပြု တိုးတက်မှု လုပ်ငန်းစဉ်များ	အထိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	အခန်းကဏ္ဍ
၁။	သက်ရွေး ပညာ သင်တန်း ပံ့ပို့ ပေး ခြင်း	အမျိုး သား + အမျိုး သမီး	အ သက် ရွေ့ ဝန် ထမ်း
၂။	မိုက် ပျို့ ရေ သင် တန်း	အမျိုး သား	မိုက် ပျို့ ရေ
၃။	ကျွန်း မာ ရေ ဝန် တာမီ လုံ လောက် စွာ ရှိ ရှိ ရန်	အမျိုး သား + အမျိုး သမီး	ကျွန် မာ ရေ
၄။	ကျေး ရွာ အုပ် ချုပ် ရေ မဟာ ဗျူ ဟာ ထောက် ခံ ခြင်း	အမျိုး သား	အ ဆောက် အ အုံ
၅။	တန် ဖို့ နှုန်း အ မြင့် တည် ဆောက် ခြင်း	အမျိုး သမီး	"

ဖော်ပြခဲ့သော ကျေးရွာစီမံကိန်းအတောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦး ပမ ဒူမယ် လက်မှတ် ရက်စွဲ ၂၀၂၁

ဒေါ်သဇင် ဖို့ သစ်ဖို့

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

ကမ်းပြန်ဆိုချက် - အထက်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးစီးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းစနစ်များ အကူအညီဖြင့် ဤပုံစံကိုဖြည့်သွင်းရမည်။

ကြည့်ရှုသုံးသပ်သူ/စုံစမ်းစစ်ဆေးသူ ဦးသန်းတိုက်

ရက်စွဲ ၃၀ - ၁၀ - ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ကြည့်ရှုသည့်တိုင်း ကသာ ပြည်နယ် တောင်ငူ ကျေးရွာအုပ်စု လှယ်ထိုးကြီး ကျေးရွာ ပွတ်ထိုးကြီး

ကား အထက်အခဲအတားအဆီးများအားထွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အထက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအထက်အခဲ ၅ ခုစီဖေါ်ပြပါ)

အမျိုးသား အစွဲပြု တင်ပြသောအထက်အခဲအတားအဆီးများ		အမျိုးသမီး အစွဲပြုတင်ပြသောအထက်အခဲအတားအဆီးများ	
∆ ၁	ခဲနုံးပေးဆောင်ရွက်မှု အဆုံးအစေး လုပ်ကိုင်ရန်ကြိုခဲ	∆ ၁	ဆိုးဖေဆောင်ရွက်မှု အဆုံးအစေး လုပ်ကိုင်ရန် ခက်ခဲ
∆ ၂	ကလေးမျှော်အတွက် ကျောင်းမရှိသော	∆ ၂	ကျန်းမာရေးဝန်ဆောင်မှု အဖြည့် အဆ
၃	ကျောင်း ပညာရေးတွင်းခက်ခဲ	၃	ရှိသောကျောင်း ကျန်းမာရေး အားကောင်းခဲ
∆ ၄	ကျန်းမာရေးဝန်ထမ်းများ စာသင်ချိန်တွင်	∆ ၄	စာသင်ကျောင်းမရှိလျှင် ကလေးများထွက်
၅	အခြေမရှိသောကျောင်း ကျန်းမာရေးအတွက်	၅	ပညာတတ်ကျော်ရာခက်ခဲ
၆	ခက်ခဲ	∆ ၆	လမ်းဖောက်မရှိသောကျောင်း ဥာတွေးလာရ ခက်ခဲ
∆ ၇	လမ်းဖောက်မရှိသောကျောင်း ဥာတွင်းသွား	∆ ၇	ဆိုက်ဟိုးမှ ဖေါ်ပေးသောကြာ စီးပွားရေး
၈	လာရ ခက်ခဲ	၈	လုပ်ဆောင်ရ ခက်ခဲ
∆ ၉	ဆိုက်ဟိုးရေး အဆိပ်အတာ မရှိသောကျောင်	∆ ၉	ဘာတွင်းလမ်း ခရီးသွားတံတားမရှိ
၁၀	စီးပွားရေးဆုပ်ဆောင်ရ ခက်ခဲ	၁၀	သောကျောင် သွားလာရခက်ခဲ
∆ ၁၁	ခေါ်ပဘွဲ့ရွေးမရှိသောကျောင် လမ်းသ	∆ ၁၁	ဟိုဘတ်ဒီးလက်မှု အတတ်ပညာ ပျိုး
၁၂	တောင်ယာယူပြီ ချိန်တွင် အချိန်ကြန့်ကြာ	၁၂	ကျောက်မှုမရှိလျှင် စားသောက်နေရေးခက်ခဲ
∆ ၁၃	ဘာတွင်းခရီးသွားတံတား ကြိုသော	∆ ၁၃	အသာတွင်ကူမှု ကျပ်ကျပ်နှိုင်းနှိုင်းပါး
	ကျောင် သွား လာတိုးလာပျက်စီးသွား ထား ရုခက်ခဲ		သောကျောင် ကသင်ကြားရေးဝန်ထမ်း အတွက် ခက်ခဲ
		∆	လူငယ်များ ကလေးများထွက် ကလေ ကို စောင့်ရှောက်ပြီး စီမံခန့်ခွဲ

ဇ။ မေးမြန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာအုပ်စု ဖြစ်ရေး မျှော်မှန်းလျှောထားချက်များအား တင်ပြပါ။

အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ		အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ	
၁	အဝေးပြေးလုပ်ဖို့ အတွက် ခရီးဖေဆောင်	၁	ခရီးဖေဆောင် ကျိုက်ရန် မျှော်မှန်း။
၂	ကျိုက်ရန်မျှော်မှန်း။	၂	စာသင်ကျောင်း ကျိုက်ရန် မျှော်မှန်း။
၃	ကားလေးများ အတွက် စာသင်ကျောင်းများ	၃	လမ်းမီး ကျိုက်ရန် မျှော်မှန်း။
၄	ကျိုက်ရန် မျှော်မှန်း။	၄	အားကစားကွင်း ကျိုက်ရန် မျှော်မှန်း။
၅	ကွာတွန်း တံတား ဖြုတ်ပြန်ဆက်ရန် မျှော်မှန်း။	၅	ကျန်းမာရေး ဝန်ထမ်း အခြေကျိုက်ရန် မျှော်မှန်း။
၆	လမ်းမီး ကျိုက်ရန် မျှော်မှန်း။	၆	အထူးပဉ်အကိုင် အချွန်အဆစ် ကျိုက်ရန် မျှော်မှန်း။
၇	ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များ ပြန်လည်	၇	ကွာတွန်း လမ်းကောင်း ပြန်ဆောက်
၈	ယာဉ်ကား ဈေး ကျိုက်မျှော်မှန်း။	၈	ဒေသတွင်းကုန် ဈေးနှုန်း တိုး မြှင့်ဆောက်

ဈ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	ခန့်မှန်းကုန်ကျ စရိတ်	အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက်
၁	ခရီးဖေဆောင် တည်ဆောက်ခြင်း	(အမျိုးသား + အမျိုးသမီး)	၂၀၅၀၀၀၀	782
၂	ကွာတွန်း တံတားယာယီ ဖြုတ်ပြန်ဆက်ခြင်း	(အမျိုးသား)		
၃	အသိဉာဏ်စင်ကြယ်ခြင်း	(အမျိုးသမီး)		
၄	ကွာတွန်းလမ်း ပြုပြင်ခြင်း	အမျိုးသား + အမျိုးသမီး		
၅	ဘောလုံးကွင်း တည်ဆောက်ခြင်း	(အမျိုးသမီး)		
၆	ရွာထဲတွင် ကျောင်း တည်ဆောက်ခြင်း	(အမျိုးသမီး)		
၇				
၈				
၉				
၁၀				

အမည်	ကျောင်းသားများ ဦးစားပေး ဖွဲ့ပြီး ကိုးကားတတ်မှု လုပ်ငန်းစဉ်များ	အသိပြုသူ (အမျိုးသားများ / အမျိုးသမီးများ; အမျိုးသား + အမျိုးသမီး)	အခန်းကဏ္ဍ
၁	လက်ဆင်းရွာ ရေလုပ်ငန်းအခြေခံ။	အမျိုးသား၊ အမျိုးသမီး	ဖွဲ့ဝင်အဖွဲ့
၂	တိုက်ဖိုးနွယ်အိမ်ထောင် တည်ဆောက်ခြင်း။	အမျိုးသား	
၃	ဦးဝင်းမျိုးရေး နွယ်ပတ်သက်ခြင်း	အမျိုးသား	အကူအညီခံ
၄	အထူးပဒေသိုင်း သဘာဝအားထား ကျက်စားခြင်း	အမျိုးသား၊ အသိုင်းအဝိုင်း	သဘာဝရေး
၅	အမျိုးသားတည် ဆုချီးမြှင့်ခြင်း။	၀ + ဖ	ကျန်းမာရေး
၆			
၇			
၈			
၉			
၁၀			

ဖေါင်းထောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးမောင်ရွှေထီး လက်မှတ် ရေးထိုး နေ့စွဲ ၇.၀.၂၀၁၈

ကိုယ်ပိုင်စာရင်းဖြင့်ကိုယ်စားလှယ်ခန့်အပ်ခြင်းစာချုပ် (ပုံစံ ၁၂)

ကိုယ်စားလှယ်ခန့်အပ်သူ ကိုယ်စားလှယ်ခန့်အပ်ခံရသူ ကိုယ်စားလှယ်ခန့်အပ်ခြင်းဖြင့် ကိုယ်စားလှယ်ခန့်အပ်ခံရသူ ပြုလုပ်ပေးရမည့်

ကိုယ်စားလှယ်ခန့်အပ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစား

အာရှရွှေပြည် ရေကန်

ရက်စွဲ

၂၅. ၇. ၂၀၁၆

ပေးဆပ်မှုအခြေအနေ (√) □ ပေးဆပ်ခဲ့(၁) □ ပေးဆပ်ခဲ့(၂)အကြိမ်ပေးဆပ်ခဲ့(၃)

ပြည်နယ်/တိုင်း	ခရိုင်	ကျေးရွာအုပ်စု	ကျေးရွာ
ကယား	ဒေးမောဒဲ	ကျွန်းကြီး	ကျွန်းကြီး

က။ ဆေးရုံတစ်ခုအတွင်းအသေးစိတ်ပြောင်းရွှေ့ခြင်း - သတ်မှတ်ပိုဒ်အရေအတွက်ထက်ပိုသော ပြောင်းလဲတက်ခြင်းအတွက် အသိကာအခက်အခဲအတားအဆီးများသည် မည်သည့်များပြစ်ပါသနည်း (အပြီးသား/သင်း အနည်းဆုံးအကောင်အခဲ ၅ ခုခြင်းကြည့်)

အုပ်စုဖွဲ့စည်းမှုများမှ ထင်ပြဖြစ်သောအခက်အခဲအတားအဆီးများ	
နိုင်ငံခြားသားများအတွက် ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ
ဘဏ်ငွေလွှဲခြင်းဆိုင်ရာ ဥပဒေများ ရှိခြင်း	□ ဟုတ်ကဲ့ □ မဟုတ်ပါ

ရိုက်ချိုး ရမှတ်များ ပုံစံအတောက်များနှင့် ညီညွတ် မှုအား ထောက်ရှုတဲ့အခါ အားထားရသူတဲ့	□ ကျသည် □ မကျသည်
အားလုံးပြီး ကျပန်းအား ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များအား ထည့်သွင်းခဲ့ပါသလား။	□ ကျသည် □ မကျသည်
ကားတစ်စီးချင်းစီ၏ ဝန်ထုပ်ဝန်ပိုး ထည့်သွင်းမှုများသည် ကားပုံစံအမျိုးအစားနှင့် ကားပြေးလမ်းအခြေအနေ စသည်တို့နှင့် ကိုက်ညီမှုရှိပါသလား။	□ ကျသည် □ မကျသည်
ကိုက်ညီမှုရှိသည်ဟု ဆိုပါက ၎င်းတို့ကို မည်သည့်နည်းဖြင့် ဖော်ပြထားသည်ကို ရေးသားပေးပါ။	□ ကျသည် □ မကျသည်
ဘဏ်တွင်းလမ်း စကားရှိသို့ မှ စတင်၍ ကျောက်မျက်ရတနာ ဘဏ်အထိ ဖြတ်သန်းသွားလာနိုင်ပါသလား။	□ ကျသည် □ မကျသည်
အခြားမေးခွန်းတစ်ခုခုရှိပါသလား။ ရှိပါက ဖော်ပြပေးပါ။	□ ကျသည် □ မကျသည်


၈။ လူထုစိစစ်ကိန်းဂဏန်း လာမည့်(၄)နှစ်အတွက် အကျိုးဝင်စေသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရှိ လုပ်ငန်း ဒေသအလိုက်များအားဖော်ပြပါ။

ဦးစားပေးအဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား +အမျိုးသမီး)	အခန်းကဏ္ဍ	ဝင်ငွေခွန် ကိုက်ကျ စရိတ်	အကျိုးခံစားနိုင်ဖွယ်ရှိသူ ဦးရေဆိုင်ရာ အချက်အလက်		
					ကျား	မ	စုစုပေါင်း
၁	ကားလှုပ်ရှားမှုလမ်း ပြုပြင်ခြင်း	ကျား + မ	Transport		146	127	273
၂	ရပ်ရွာအစည်းအဝေးဆိုင်း တည်ဆောက်ခြင်း	ကျား + မ	Community Building		146	127	273
၃	ရွာထဲလှည်းတန်းလမ်း ပြုပြင်ခြင်း	ကျား + မ	Transport		146	127	273
၄							
၅							


၁	ဒေသခံလူထု၏ အသက်မွေးဝမ်းကြောင်း	ကုန်းတောင်း + ၁၄	Livelihoods
၂	စိုက်ပျိုးရေး ကဏ္ဍ	ကုန်းတောင်း + ၁၄	Agriculture
၃	လျှပ်စစ်ဓာတ်အားပေးခြင်း	ကုန်းတောင်း + ၁၄	Electrification
၄	စားသောက်ကုန်နှင့် ဝန်ဆောင်မှု	ကုန်းတောင်း + ၁၄	Livelihoods
၅			

ဝေဖြီးသောင်း ကဏ္ဍစီမံကိန်းအသေးစားအကြိုလေ့လာဆန်းစစ်ချက်အစီရင်ခံစာ

အမည် မြို့မကြီးဆရ လက်မှတ် ရက် ၂၅.၇.၂၀၁၈



၁၁။အစည်းအဝေးမှတ်တမ်းများ(ပုံစံ-၁၁)



အစည်းအဝေးမှတ်တမ်း

ဖေါင်းရွှေ့			
တက်ရောက်သူများ ပြုန်ရန်			
အစည်းအဝေးကျင်းပသည့် သည်ရက်စွဲ၊ အချိန်၊ နေရာ			
ဦးစီးဆောင်ရွက်သူ ပြုန်ရန်	လူထုဝတ်ပြုမှုစီမံကိန်း၊ အားဆောင်း၊ ဒေသခံ၊ မော်ဒယ်ပြု ရန်၊ တပ်ဖွဲ့ခွဲများရန်		
ဂုဏ်ပေါင်းတွဲတက်ရောက်			
ဦးဆောင်သူ	ဦးကျော်လှဝင်းဦး	ရာထူး	CF/TF/Committee

တက်ရောက်သူဦးရေ (Participants)

စဉ်	အမှုး	ပ	ဂုဏ်ပေါင်း	လူမျိုး
၁	၁၆	၁၇	၃၃	ကရင်
၂				

ရည်ရွယ်ချက် (Purpose)

- ဒေသခံလူထုအား စီမံကိန်း အကောင်အထည် ကျင့်သုံးခြင်းဆိုင်ရာ
- စီမံကိန်း ဆောင်ရွက်ရန် အကြောင်းအရာ သဘောထားကွဲလွဲမှုရှိ
- ရရှိလာသော အကြံဉာဏ်များကို အခြေခံ၍ ဆောင်ရွက်ရမည့်အချက်များ

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

#	ဆွေးနွေးချက်များ	ဆုံးဖြတ်ချက်များ
①		
②		
③		

အစည်းအဝေးမှတ်တမ်း

အမည်	
အကျဉ်း/အုပ်စု၊ ရှိနေသည်	
အစည်းအဝေးကျင်းပသည့် သည်လာကိစ္စ၊ အချိန်၊ နေရာ	
ဝိဝါဒိန်းအပည်၊ ရှိနေသည်	လူထုဝတ္ထုပြုစီမံကိန်း၊ ဘားစောင်း၊ သောလခဲ၊ ယမ်ခဲပြို့နယ်၊ တယောကြည်နယ်
ဂုဏ်ယောင်တွန်ကျဉ်း	
ဦးဆောင်သူ	ဦးရဲဘုတင်ဦး ရာထူး CF/TF/Committee

တက်ရောက်သူဦးရေ (Participants)


ရင်	အုပ်	ဝ	ဂုဏ်ယောင်	လုပ်ဖြီး
၁	၁၆	၁၇	၈၆	ကလေး
J				

ရည်ရွယ်ချက် (Purpose)

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

#	ဆွေးနွေးချက်များ	ဆုံးဖြတ်ချက်များ
၁		
၂		
၃		
၄		

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



	စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	၁	[illegible]	[illegible]	၂၀၁၀	[illegible]	-
	၂	[illegible]	[illegible]	-	-	-
	၃	[illegible]	[illegible]	-	-	-
	၄					
	၅					
	၆					
[illegible]	၁	[illegible]	[illegible]	-	-	-
	၂	[illegible]	[illegible]	-	-	-
	၃	[illegible]	[illegible]	-	-	-
	၄					
	၅					
	၆			-	-	-
[illegible]	၁	[illegible]	[illegible]	-	-	-
	၂	[illegible]		-	-	-
	၃					
	၄					
	၅					
	၆					
[illegible]	၁	[illegible]	[illegible]	-	-	-
	၂					
	၃					
	၄					
	၅					
	၆					
[illegible]	၁	[illegible]	[illegible]	-	-	-
	၂	[illegible]	[illegible]	-	-	-
	၃	[illegible]	[illegible]	-	-	-
	၄					
	၅					
	၆					